# အာမခံ

## မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်



## အာမခံ ဆိုတာဘာလဲ?

အာမခံဆိုသည်မှာ ပစ္စည်းများတစ်ခုခုပျက်စီးသွားလျှင် ၎င်းကို အစားထိုးပေးသည့် စရိတ်ဖြစ်သည်။ ဥပမာ-

- ခရီးသွားနေစဉ် သင့်အိပ်ကပ်ထဲမှ သင့်မိုဘိုင်းဖုန်း ပြုတ်ကျပျက်စီးသွား၍ အသစ်တစ်ခုဝယ်ရန် လိုအပ်ခြင်း။
- မတော်တဆကားတိုက်မှုကြောင့် ဆေးကုစားရိတ်များပေးရန်နှင့် ကားပြင်ရန်တို့လိုအပ်ခြင်း။

## အာမခံပေါ်လစီဆိုတာဘာလဲ?

အာမခံပေါ်လစီဆိုသည်မှာ သင်၏အာမခံသူထံသို့သင်ပိုင်ဆိုင်သည့် ပစ္စည်းများ၊ အကြောင်းတစ်ခုခုကြောင့် ပျက်စီးသွားလျှင် အစားထိုးရန် သို့မဟုတ် ပြင်ဆင်ရန် စရိတ်များရရှိရေးအတွက် သင်က ငွေပေးထားသည့် တရားဝင် သဘောတူစာချုပ်တစ်ခု ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရန် သင်က အာမခံကြေးဆိုသည်ကို ပေးရပါသည်။

## အာမခံသူဆိုတာဘာလဲ?

အာမခံသူဆိုသည်မှာ အာမခံကိုရောင်းသည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဩစတြေးလျား၌ အာမခံသူများ အမျိုးများပြားစွာ ရှိပါသည်။

## အာမခံအမျိုးအစားများ

- ***ကားအာမခံ*** *– သင့်ကားပျက်စီးသွားလျှင် သို့မဟုတ် အခိုးခံရလျှင် ကားစားရိတ်ပြန်ရရန်*
- ***အိမ်အာမခံ (အဆောက်အအုံ အာမခံ)*** – သင့် အိမ်တစ်ခုခုဖြစ်သွားလျှင် (ဥပမာ- မီးဒဏ် သို့မဟုတ် လေမုန် တိုင်းဒဏ်ကြောင့် ပျက်စီးမှု) ပြန်အစားထိုးဖို့ ကုန်ကျစားရိတ်ပြန်ရရန်
- ***အိမ်တွင်းပစ္စည်းများအာမခံ*** – အိမ်တွင်းရှိပစ္စည်းများ ဥပမာ-ပရိဘောဂ၊အဝတ်အထည်များ၊အိမ်သုံး ကရိယာများ နှင့်လက်ဝတ်ရတနာများ ပြင်ရန် သို့မဟုတ် ပြန်အစားထိုးဖို့ ကုန်ကျစားရိတ်ပြန်ရရန် အာမခံ
- ***အသက်အာမခံ*** – သင်သေဆုံးလျှင် ရမည့် သတ်မှတ်ထားသည့်ပမာဏ၊ ယင်းငွေကို သင်က ရွေးချယ်ထားသည့် သူများခံစားရပါမည်။ (သင့်ပေါ်လစီထဲ၌ ရေးထားပါသည်။)
- ***ခရီးသွားအာမခံ*** – အိမ်မှဝေးနေချိန်၌ ပြဿနာတစ်ခုခု ကျရောက်ခဲ့လျှင် ခံစားရမည့် စားရိတ်၊ (ဥပမာ- သင်နေမ ကောင်း သို့မဟုတ် ဒဏ်ရာရခြင်း ဖြစ်ခဲ့လျှင်၊ တစ်ခုခုပျောက်ဆုံး၍ ပြန်အစားထိုးရလျှင်၊ သင့်ပစ္စည်းတစ်ခုခု အ ခိုးခံရ၍သင်ပြန်အစားထိုးရန် လိုအပ်လျှင်၊ သို့မဟုတ် - သင့်ခရီးစဉ်များ အပြောင်းအလဲဖြစ်ခဲ့လျှင် (ဥပမာ - သင့် လေယာဉ်ခရီး ပယ်ဖျက်သွားလျှင်) တို့ဖြစ်နိုင်ပါသည်။
- ***ကျန်းမာရေးအာမခံ*** – သင်နေမကောင်း သို့မဟုတ် ဒဏ်ရာရခြင်းဖြစ်လျှင်၊ ဆေးကုသစားရိတ်အချို့ကိုရရှိရန်
- ***မိုဘိုင်းဖုန်းအာမခံ*** – သင့်ဖုန်း တစ်ခုခုဖြစ်သွားခြင်း (ဥပမာ - အလုပ်မလုပ်တော့ခြင်း သို့မဟုတ် ပျက်သွားခြင်း) အတွက် အစားထိုး ကုန်ကျစားရိတ်ရရန်-

## သတိပြုပါ

- အာမခံဆိုသည်မှာ၊ တစ်ခုခုဖြစ်သွားလျှင် ရရန် ပိုက်ဆံပေးထားခြင်း ဖြစ်ပါသည်။
- တစ်ခုခုဖြစ်သွားလျှင်၊ အာမခံထားခြင်းကြောင့် ပစ္စည်းများ အစားထိုးပြန်ရပါသည်။
- ဩစတြေးလျားတွင် ဥပမာ- သင့်ကားကဲ့သို့ အချို့ပစ္စည်းများ အတွက် အာမခံထားရမည် ဖြစ်ပါသည်။

## နောက်ထပ် အချက်အလက်များကို ရနိုင်သည့်နေရာများ –

အာမခံနှင့် ပါတ်သက်၍ ပိုမိုသိလိုပါက၊ MoneySmart အာမခံနှင့် ကွန်ယက်ဝက်ဗ်ဆိုက် **www.moneysmart.gov.au** သို့မဟုတ် ဖုန်းနံပါတ် ၁၃၀၀ ၃၀၀ ၆၃၀ ကို ဆက်သွယ်ပါ။

MONEYSMART

## ယူလီနှင့် အပိုလ် သူတို့၏ အိမ်အသစ်သို့ ပြောင်းရွှေ့ကြသည်။

အိမ်အသစ်ကိုဝယ်ရန်၊ ယူလီနှင့် အပိုလ်တို့ စိတ်လှုပ်ရှားခဲ့ကြသည်။ အိမ်အသစ်ကိုပြောင်းရွှေ့ဖို့ အဆင်သင့်ဖြစ်ရန် ရုပ်မြင်သံကြားနှင့် ရေခဲသေတ္တာစသည့် အသုံးပစ္စည်းများနှင့် ပရိဘောဂအတော်များများ ဝယ်ယူကြသည်။ သူတို့တွင် လက်ဝတ် ရတနာများနှင့် ကွန်ပြူတာတစ်ခုကဲ့သို့ ကိုယ်ပိုင် တန်ဖိုးကြီးပစ္စည်းများလည်း ရှိပါသည်။

အပိုလ်၏မိတ်ဆွေတစ်ဦးက သူတို့အတွက် အရေးကြီးသည့် ပစ္စည်းများကို တစ်ခုခုဖြစ်သွားလျှင် အစားထိုးရန် သို့ မဟုတ် ပြင်ဆင်ရန် စားရိတ်များရရှိဖို့အာမခံထားရန် သူ့အားပြောပြပါသည်။ အပိုလ်က သူနှင့် ယူလီ ပိုင်သော ပစ္စည်းများနှင့် သူတို့အတွက် ယင်းတို့၏ အရေးကြီးပုံများကို စဉ်းစားကြည့်ပါသည်။

အာမခံပေါ်လစီထားလျှင် မည်မျှကုန်ကျမည်ကိုသိရန် အပိုလ်က အာမခံကုမ္ပဏီနှစ်ခုအား ဆက်သွယ်ပါသည်။ အာမခံပေါ်လစီဆိုသည်မှာ သူ နှင့် အာမခံသူအကြား မည်သည်တို့ကို အာမခံထားရန် သဘောတူမှု အပေါ်မူတည်ကြောင်း သူသိပါသည်။

အာမခံကုမ္ပဏီတစ်ခုစီက အပိုလ်ကို အပိုပေးငွေဆိုသည့်အကြောင်း ပြောသည်။ ယင်းသည် အကယ်၍ အပိုလ်က ငွေတောင်းခံမှုတစ်ခုလုပ်လျှင် ပေးရမည့် ပမာဏဖြစ်ပါသည်။ ငွေတောင်းခံမှုဆိုသည်မှာ၊ သူ့အာမခပေါ်လစီအရ အကျုံးဝင်သော တစ်ခုခုအတွက် အာမခံသူထံမှ တောင်းမှုဖြစ်ကြောင်း အပိုလ်နားလည်ထားသည်။

အပိုလ်နှင့်ယူလီတို့သည် အိမ်၌အစားထိုး သို့မဟုတ် ပြင်စရာရှိလျှင်ကုန်ကျမည့် စားရိတ်ကိုကာမိရန်အတွက် အိမ် အာမခံ (အဆောက်အအုံအာမခံ) ထားဖို့ဆုံးဖြတ်ပါသည်။ သူတို့၏ အိမ်တွင်းပစ္စည်းများ အခိုးခံရလျှင် သို့မဟုတ် ပျက်စီးခဲ့လျှင် ကုန်ကျမည့် စားရိတ်ကို ကာမိရန်အတွက် သူတို့သည် အတွင်း ပစ္စည်းများအာမခံဟုခေါ်သည့် နောက်အာမခံတစ်မျိုး ကိုလည်း ဝယ်ပါသည်။ ယင်းမှာ အဝတ်အထည်များ၊ ပရိဘောဂ၊ အသုံးကရိယာပစ္စည်းများနှင့်၊ ကွန်ပြူတာကဲ့သို့သော အရာများ အတွက် ဖြစ်ပါသည်။

ယူလီနှင့် အပိုလ်တို့ အခြားအာမခံအမျိုးအစားများ အကြောင်းကိုလည်းစဉ်းစားကြသည်။ ယူလီက အပိုလ်ကိုသူ့ မိတ်ဆွေ၏ မိခင်၌ ကျန်းမာရေး အာမခံရှိခြင်းကြောင့်၊ မိခင်နေမကောင်းစဉ် ကုန်ကျသည့်ဆေးကုသစရိတ် အချို့ကို ထိုအာမခံက ကူပြီးပေးနေသည့် အကြောင်း ပြောပြပါသည်။

တစ်ခုခုဖြစ်ခဲ့လျှင်၊ သူတို့၏အိမ်နှင့် အတွင်းပစ္စည်း များအတွက် အာမခံရှိသည့်အတွက် ယူလီနှင့် အပိုလ်တို့ စိတ်ကြေနပ်ကြပါသည်။ နောင်တွင် ဆေးအာမခံထားရန် သူတို့စဉ်းစားနေပါသည်။

© ASIC 2012 all rights reserved

This page has been intentionally left blank.

© ASIC 2012 all rights reserved